သာသနာဟူသည် “ကောင်းကျိုးလိုလားခြင်းဖြစ်သည်”

အဗူ ရိုကိုင်ယ်ရဟ် သမီမ် ဗင်န် အောင်စ် အဒ္ဒါရီ (ရဿွိယလ္လာဟုအန်ဟု)က
ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ သာသနာဟူသည် “ကောင်းကျိုးလိုလားခြင်းဖြစ်သည်”
ကျွန်တော်တို့က မည်သူ့အတွက်ပါနည်းဟု မေးလျှောက်ခဲ့ကြရာ ကိုယ်တော်က
“အလ္လာဟ်အရှင်မြတ်အတွက်၊ အရှင်မြတ်၏ ကျမ်းဂန်အတွက်၊ အရှင်မြတ်၏
ရစူလ်တမန်တော်အတွက်၊ မွတ်စ်လင်မ်ခေါင်းဆောင်များအတွက်နှင့်အများမွတ်စ်လင်မ်တို့အတွက်ဖြစ်သည်”ဟု ဖြေကြားတော်မူခဲ့သည်
[صحيح] [رواه مسلم]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင်သာသနာသည် ပေါ့လျော့ခြင်း၊ လိမ်လည်လှည့်ဖြားခြင်းတို့မပါဘဲ အလ္လာဟ်အရှင်မြတ်တာဝန်‌ပေးထားသည့်အတိုင်း ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရန်အတွက် ‘အိခ်လာဆ်ွ’နှင့်မှန်ကန်မှုအပေါ်၌ အခြေခံထားသည်။ ထိုအခါတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အား ကောင်းကျိုးလိုလားခြင်းသည်မည်သူ့အတွက်ပါနည်းဟု လျှောက်ထားမေးမြန်းသည့်အခါ ကိုယ်တော်ကဖြေကြားတော်မူသည်မှာ (၁) အလ္လာဟ်အရှင်မြတ်အတွက် ကောင်းကျိုးလိုလားခြင်း။ ဤသည် အမလ်ကျင့်ဆောင်ခြင်းများကိုရှိရ်က်(ဖက်စပ်ယှဥ်တွဲမှု)မပါဘဲ အလ္လာဟ်အရှင်မြတ်အတွက်သာ ပြုလုပ်ခြင်း၊အလ္လာဟ်အရှင်မြတ်သည် ဖန်ဆင်းရှင်တော်မူသောအရှင် ၊ ခဝပ်ကိုးကွယ်ခြင်းခံထိုက်တော်မူသောအရှင်၊ ဂုဏ်တော်များ နာမတော်များကို ပိုင်ဆိုင်တော်မူသောအရှင်ဖြစ်ကြောင်း ကျွန်ုပ်တို့အီမာန်သက်ဝင်ယုံကြည်ခြင်း၊ အရှင်မြတ်၏ အမိန့်ကိုဂုဏ်ပေးလေးစားခြင်း၊ အလ္လာဟ်အရှင်မြတ်အပေါ် အီမာန်သက်ဝင်ယုံကြည်ရန် ဒအ်ဝဟ်ဖိတ်ခေါ်ခြင်းတို့ဖြစ်သည်။ (၂) အရှင်မြတ်၏ ကျမ်းဂန် (ကုရ်အာန်ကျမ်းမြတ်)အတွက်ကောင်းကျိုးလိုလားခြင်း။ ဤသည် ကျွန်ုပ်တို့အနေဖြင့် ကုရ်အာန်ကျမ်းမြတ်သည်အလ္လာဟ်အရှင်မြတ်၏ မုက္ခပါဌ်တော်နှင့် နောက်ဆုံးကျမ်းဂန်ဖြစ်ကြောင်းကိုလည်းကောင်း၊ထိုကျမ်းဂန်သည် လွန်လေပြီးသော တရားလမ်းစဉ်များအားလုံးကိုဖျက်သိမ်းလိုက်ကြောင်းကိုလည်းကောင်း သက်ဝင်ယုံကြည်ခြင်း၊ ကျမ်းတော်မြတ်အားဂုဏ်ပေးလေးစားခြင်း၊ ရွတ်ဖတ်ထိုက်သည့်အတိုင်း ရွတ်ဖတ်ခြင်း၊ ထိုကျမ်းမြတ်၏ပေါ်လွင်ထင်ရှားပြီး အဓိပ္ပာယ်တစ်မျိုးတည်းထွက်သော အာယသ်တော်များကိုလိုက်နာကျင့်သုံးပြီး အဓိပ္ပာယ်များပြားသော ဆင်တူရိုးမှားဖြစ်သော အာယသ်တော်များကိုသက်ဝင်ယုံကြည်ခြင်းတို့ဖြစ်သည်။ ထို့ပြင်ကျမ်းတော်မြတ်ကုရ်အာန်၏ အဓိပ္ပာယ်များကိုပြောင်းလဲပစ်သူများ၏ ဖွင့်ဆိုချက်များမှ ၎င်းကျမ်းမြတ်အား ထိန်းသိမ်းကာကွယ် ရမည်။ကုရ်အာန်ကျမ်းမြတ်၏ တရားဒေသနာများမှ တရားရယူပြီး ၎င်း၏ အသိပညာများကို ဖြန့်ဝေကာကျမ်းမြတ်ဖက်သို့ ဒအ်ဝဟ် ဖိတ်ခေါ်မှုပြုရမည်။ (၃) အရှင်မြတ်၏ ရစူလ်တမန်တော်မုဟမ္မဒ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)အတွက် ကောင်းကျိုးလိုလားခြင်း။ ဤသည်တမန်တော်မြတ်သည် နောက်ဆုံးရစူလ်တမန်တော်ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း၊တမန်တော်မြတ်ယူဆောင်လာသည့်အရာများနှင့် ပတ်သက်၍ တမန်တော်မြတ်အားထောက်ခံခြင်း၊

တမန်တော်မြတ်၏ အမိန့်တော်များကို လိုက်နာကျင့်သုံးခြင်း၊ တမန်တော်မြတ်တားမြစ်ထားသည့် အရာများမှ ရှောင်ကြဉ်ခြင်း၊တမန်တော်မြတ်ယူဆောင်လာသည့်တရားလမ်စဥ်အတိုင်းသာ အလ္လာဟ်အရှင်မြတ်ကိုခဝပ်ကိုးကွယ်ခြင်း၊ တမန်တော်မြတ်နှင့်သက်ဆိုင်သည့် ဝတ္တရားများကို လေးစားခြင်း၊တမန်တော်မြတ်အား ဂုဏ်ပေးလေးစားခြင်း၊ တမန်တော်မြတ်၏ ဒအ်ဝသ်ပေး ဖိတ်ခေါ်မှုနှင့်ရှရီအသ် တရားလမ်းစဥ်ကို ဖြန့်ချီခြင်း၊ တမန်တော်မြတ်အားမဟုတ်မမှန်စွပ်စွဲချက်များကို ငြင်းပယ်ခြင်းတို့ဖြစ်သည်။ (၄) မွတ်စ်လင်မ်ခေါင်းဆောင်များအတွက် ကောင်းကျိုးလိုလားခြင်း။ ဤသည်အမှန်တရားအပေါ်၌၎င်းတို့အားရိုင်ပင်းကူညီခြင်း၊ အရေးကိစ္စများ၌ ၎င်းတို့နှင့်ဆန့်ကျင်မှုမပြုခြင်း၊ အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်နှင့် ကိုက်ညီသည့် ကဏ္ဍများတွင်၎င်းတို့၏အမိန့်ကိုနာခံခြင်းတို့ဖြစ်သည်။ (၅) အများမွတ်စ်လင်မ်တို့အတွက်ကောင်းကျိုးလိုလားခြင်း။ ဤသည် ၎င်းတို့အား ကျေးဇူးပြုခြင်း၊ ဒအ်ဝဟ်ဖိတ်ခေါ်ခြင်း၊၎င်းတို့ထံမှ ဘေးအန္တရာယ်များအား တားဆီးဖယ်ရှားပေးခြင်း၊ ၎င်းတို့အတွက်ကောင်းသည့်ကိစ္စများကိုနှစ်သက်ခြင်း၊ ကောင်းမှုနှင့် သက္ကဝါတရားအပေါ်၌ ၎င်းတို့အားရိုင်းပင်းကူညီခြင်းတို့ဖြစ်သည်။

https://sunnah.global/hadeeth/my/show/66516